# ၂၀၂၅ ခုနှစ် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်၏ အထွေထွေညီလာခံနှင့် ကမ္ဘာလုံးဆိုင်ရာ အင်ဂျင်နီယာကွန်ဂရက်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၅

ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့အစည်းများအဖွဲ့ချုပ် (World Federation of Engineering Organizations) ၏ ၂၀၂၅ ခုနှစ် အထွေထွေညီလာခံ (General Assembly) နှင့် ကမ္ဘာလုံးဆိုင်ရာ အင်ဂျင်နီယာကွန်ဂရက် (Global Engineering Congress)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ အင်ဂျင်နီယာပညာရေးစိစစ်အသိအမှတ်ပြုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်မင်းအောင်နှင့် မြန်မာကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အောက်တိုဘာလ ၁၃ ရက်နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး အစိမ်းရောင်အင်ဂျင်နီယာပညာရပ် (Green Engineering) သည် အထူးပြုဘာသာရပ်တစ်ခုထက်ပိုမိုပြီး လူသားနှင့်သဘာဝတို့အကြား ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် အကျင့်စာရိတ္တလမ်းညွှန် (Moral Compass) ဖြစ်ရန်လိုအပ်ကြောင်း၊ တရုတ်သိပ္ပံနှင့် နည်းပညာအသင်းကြီး (CAST)သည် မြန်မာနိုင်ငံအင်ဂျင်နီယာများ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအခန်းကဏ္ဍမှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ တရုတ်သိပ္ပံနှင့် နည်းပညာအသင်းကြီးနှင့် အာရှပစိဖိတ်ဒေသရှိ အင်ဂျင်နီယာအသင်းများ၏ထောက်ခံမှုဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် ၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့အစည်းများအဖွဲ့ချုပ် (WFEO)၏ အမြဲတမ်းအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံခဲ့ရပြီး ဝါရှင်တန်သဘောတူညီချက် (Washington Accord)၊ အာရှနှင့်ပစိဖိတ်ဒေသရှိ အင်ဂျင်နီယာပညာရေး စိစစ်အသိအမှတ်ပြုအစီအစဉ်များ၏ အရည်အသွေးနှင့် စံနှုန်းကို အသိအမှတ်ပြုခြင်းရရှိခဲ့ကြောင်းပြောကြားခဲ့သည်။




အောက်တိုဘာလ ၁၄ ရက် နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာလုံးဆိုင်ရာအင်ဂျင်နီယာညီလာခံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဖိုရမ်သို့တက်ရောက်ပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၏ ကမ္ဘာကိုတိုးတက်ပြောင်းလဲလာစေမှုစွမ်းအားခေါင်းစဉ်ဖြင့် အမှာစကားပြောကြားခဲ့သည်။

ယခုနှစ် ညီလာခံ၏ အဓိကဆောင်ပုဒ်မှာ "အင်ဂျင်နီယာသည် စိမ်းလန်းသောအနာဂတ်ကို ဖန်တီးပုံဖော်သည်" (Engineering shapes a Green Future) ဖြစ်ပြီး အဆိုပါညီလာခံကို World Federation of Engineering Organizations (WEFO) အပါအဝင် တရုတ်သိပ္ပံနှင့် နည်းပညာအသင်းကြီး (China Association for Science and Technology–CAST)၊ တရုတ်အင်ဂျင်နီယာအကယ်ဒမီနှင့် ရှန်ဟိုင်းမြို့ပြအစိုးရတို့ ပူးပေါင်း၍ ညီလာခံနှင့် ကွန်ဂရက်အား အင်ဂျင်နီယာနည်းပညာများက ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန်၊ စိမ်းလန်းသောစီးပွားရေးတိုးတက်မှုကို မြှင့်တင်ရန်၊ ကမ္ဘာလုံးဆိုင်ရာရေရှည်တည်တံ့ပြီး လူသားဗဟိုပြုသော ဖွံ့ဖြိုးတိုးတက်မှုမူဘောင်ကို ဖန်တီးရန်နှင့်လူသားများ၏ ဘဝလိုအပ် ချက်များကို မြှင့်တင်ရာတွင်ပါဝင်ဆောင်ရွက်ရမည့်အခန်းကဏ္ဍများကို အလေးထားဆွေးနွေးရန်၊ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ(SDGs)ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် လက်ခံတွေ့ဆုံ




နေပြည်တော် အောက်တိုဘာ ၁၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ညနေပိုင်းက နေပြည်တော်ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှားနိုင်ငံရှိ တက္ကသိုလ်အချင်းချင်းပူးပေါင်းဆောင်ရွက်ရေး၊ ရုရှားနိုင်ငံသို့ ပညာတော်သင်များစေလွှတ်ရေး၊ ခရီးသွားလာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရုရှားဘာသာစကားသင်ကြားရေး၊ ပညာရေးကဏ္ဍနယ်ပယ်များ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေးနှင့် အနာဂတ်တွင် နှစ်နိုင်ငံပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander AZIZOV နှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

မြဝတီ




| သဇင်(FM) အသံလွှင့်အစီအစဉ် ၁၆-၁၀-၂၀၂၅ (ကြာသပတေးနေ့) | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### MWD Education, Knowledge & Sports Channel

၁၆-၁၀-၂၀၂၅(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade – 8 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၁၅ | Grade – 8 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၁၅ - ၁၇:၄၅ | Grade – 8 | သမိုင်း၊ သိပ္ပံ |

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ပထမအကြိမ်တွေ့ရခြင်း

ကျွန်ုပ်အထင် တစ်နာရီခန့်ကြာသောအခါ (အမှန်မှာ ၁၅ မိနစ်ခန့်သာ ကြာပါသည်။) မအမာနှင့် ရုရှားအမျိုးသမီးတစ်ယောက် ကျွန်ုပ်၏ အခန်းသို့ ဝင်လာကြသည်။ ကျွန်ုပ်သည် မအမာကိုမြင်ရ၍ အလွန် ဝမ်းသာသော်လည်း ဤထက် စိတ်ထိခိုက်သည့် ဒုတိယအကြိမ်တွေ့ဆုံခြင်းရှိသေးသောကြောင့် ဝမ်းသာခြင်းမှုလောက်ကို စာမဖွဲ့လိုတော့ပါ။ မအမာက အမျိုးသမီးနှင့်ကျွန်ုပ်ကို မိတ်ဆက်ပေးပြီးနောက် အမျိုးသမီးက …

"ယခု ရှစ်နာရီရှိပါပြီ။ ၁၀ နာရီတိတိတွင် ပြန်လာပါမည်"

ဟု ပြော၍ ထွက်သွားလေသည်။ ထိုနေ့တွင် ကျွန်ုပ်ရောက်မည်ဟု သိသဖြင့် ဟိုတယ်ပေါင်းကိုးခုထက်မနည်း တယ်လီဖုန်းဆက်၍မေးထားကြောင်းနှင့် မအမာကပြောပြီးနောက် သူ့အိမ်ကအကြောင်းများကို ကျွန်ုပ်က ပြောပြလေသည်။ ကျွန်ုပ်က (မောင်လှ မခံချင်လည်း မတတ်နိုင်) မအမာ၏မိခင် ဒေါ်စုအကြောင်း ရှေးဦးစွာ ပြောပြလေသည်။ ကျွန်ုပ်ထွက်လာမည့်နေ့တွင် ဒေါ်စုတို့အိမ်သို့သွား၍ နှုတ်ဆက်ကြောင်း၊ မအမာထံသို့ စာပေးလိုက်လျှင် ယူသွားမည်ဖြစ်ကြောင်း ပြောသောအခါ ဒေါ်စုက …

"စာမပေးတော့ပါဘူး ကိုဖေသိန်းရယ်။ ပါးစပ်နဲ့မှာလိုက်ရင် တော်ပါပြီ။ ကျန်းမာတဲ့အကြောင်းကိုသာ ပြောလိုက်ပါတော့" ဟု ပြော၏။ ကျွန်ုပ်က…

"ဒီလိုလည်း ဘယ်ဟုတ်မလဲ မစု။ သားသမီးဆိုတာ မိခင်ရဲ့လက်ရေးကို မြင်ရတဲ့အခါ အလွမ်းပြေတာပေါ့ဗျ"

ဟု ပြောလိုက်သည်တွင် ဒေါ်စုက …

"ဟုတ်တယ် ဟုတ်တယ်။ ကျုပ် ရေးပေးလိုက်မယ်" ဆိုကာ စာတစ်စောင်ရေးပေးလိုက်ကြောင်း ပြောပြ၏။ ထို့ပြင် ကျွန်ုပ်က မောင်လှနှင့် သားသမီးများအားလည်း စာတစ်စောင်စီရေးပေးကြဖို့ ပြောသည်နှင့် သူတို့၏စာများလည်းပါလာကြောင်း ပြောလေသည်။ မအမာက စာများကို ချက်ချင်းဖတ်ချင်သည်ဆိုသဖြင့် ကျွန်ုပ်ကထုတ်ပေး၍ စောင့်ကြည့်နေရာ မအမာသည် တခြားစာများထက် မိခင်ဒေါ်စု၏စာကို ဖတ်သောအခါ၌ မျက်နှာပြောင်းလဲသွားခြင်းကို ကျွန်ုပ်တွေ့ရသည်။ (မောင်လှ မခံချင်လည်းရှိစေ။ ကျွန်ုပ်ကား အမှန်ကို ရေးချင်တတ်သူဖြစ်သည်။) စာများအားလုံးဖတ်ပြီးသောအခါ မအမာက –

"စာတွေအားလုံးထဲမှာ မမစုရေးလိုက်တဲ့စာက အကောင်းဆုံးပဲ"

ဟု ပြောသည်နှင့် ကျွန်ုပ်က …

"ဖတ်ပြစမ်းပါ "ဟု ပြောသည်တွင် မအမာက ဖတ်၍ပြလေသည်။

### နားထောင်သောသမီး

ဒေါ်စု၏စာသည် သမီးဖြစ်သူ မအမာ၏စိတ်ကို ထိခိုက်သည်ဆိုလျှင် ကျွန်ုပ်၏စိတ်ကိုထိခိုက်ခြင်းမှာလည်း လျော့နည်းသည်မထင်ပေ။ သူ၏စာတစ်နေရာ၌ အသက်အရွယ်ကြီးပြီဖြစ်သော ကျွန်ုပ်အား သမီး မအမာက ဂရုတစိုက်ကြည့်ရှုပြုစုဖို့အကြောင်း၊ အထူးသဖြင့် ကျွန်ုပ်၏ ကျန်းမာရေးအတွက် သမီးမအမာက တာဝန်ယူပြီးစောင့်ရှောက်စေလိုကြောင်း စသည်ဖြင့် အတော်ရှည်လျားစွာ မှာကြားရေးသားခြင်းကို တွေ့ရပေသည်။ ထိုစာကို မအမာကဖတ်ပြ၍ ကြားလိုက်ရသည်တွင် ကျွန်ုပ်သည် ငယ်သူငယ်ချင်း ဒေါ်စုအပေါ်၌ ခင်မင်မှု၊ သတိရမှု ဆတက်ထမ်းပိုးတိုးလာပြီးလျှင် ကျွန်ုပ်မေတ္တာပို့သောအခါများ၌လည်း ဒေါ်စု၏မျက်နှာသည် (လူဦးရေ ၁၀၀ ထက်မနည်း ရှိသည့်အနက်တွင်) နံပါတ်သုံးလောက်တွင် အမြဲပေါ်လာခြင်းကို ကြုံရပါသည်။ ထွေရာလေးပါးစကားပြောလျက်ရှိကြစဉ် မအမာက ၁၁ နာရီတိုင်အောင် သူနေနိုင်ကြောင်း ပြော၍ ၁၁ နာရီအထိ မချိန်းလိုက်မိပေတကားဟု ဝမ်းနည်းစကားပြောလေသည်။ သို့ရာတွင် ရုရှားအမျိုးသမီးကမူ ၁၀ နာရီတိုင်အောင်ပင် မနေဘဲ ၉ နာရီတွင် ပေါ်လာသည်နှင့် ကျွန်ုပ်တို့ ခွဲခွာကြရလေသည်။ နောက်နေ့နံနက်၌ မအမာသည် ကျွန်ုပ်၏ဟိုတယ်သို့ အဖော်တစ်ယောက်နှင့်ရောက်လာ၍ ကျွန်ုပ်အတွက် ပျားရည်တစ်ဘူးနှင့် သံပရာသီးတစ်လုံး ယူလာလေရာ မိခင်၏စကားကိုနားထောင်သော သမီးတစ်ယောက်အနေဖြင့် မှတ်တမ်းတင်လိုက်ရပါသည်။ မအမာကား ထိုနေ့၌ပင် ဂျာမနီဘက်သို့ထွက်သွား၍ ကျွန်ုပ်တို့ ပထမအကြိမ်တွေ့ဆုံခြင်းပြီးဆုံးသွားပါတော့သည်။

### ဒုတိယအကြိမ် တွေ့ဆုံခြင်း

ကျွန်ုပ်တို့ကိုယ်စားလှယ်သုံးယောက်သည် ဆိုဗီယက်ယူနီယံအတွင်းရှိ မြို့ကြီးများသို့ လှည့်လည်ကြည့်ရှုပြီးကြ၍ ဂျာမနီပြည်ဘက်သို့ ထွက်ခွာရန် ပြင်ဆင်ကြလေသည်။ နေ့နာရီပြန်တစ်ချက်လောက်တွင် မော်စကိုလေဆိပ်သို့ရောက်ကြ၍ ကျွန်ုပ်တို့ကိုလိုက်ပို့သည့် ကျွန်ုပ်၏ ညီနှင့်သားတို့က စားပွဲခန်းသို့ခေါ်သွားပြီး စားစရာများ ကျွေးမွေးလျက်ရှိစဉ် ရုရှားရဲဘော်တစ်ယောက်သည် ကျွန်ုပ်အနီးသို့ ချဉ်းကပ်၍ …

"ရွှေဥဒေါင်း ဟုတ်ပါသလား"

ဟု မေးသဖြင့် ကျွန်ုပ်က ဟုတ်ကြောင်းပြော၏။ ထိုအခါ ရဲဘော်က …

"ဒေါ်အမာတစ်ယောက် ဂျီဒီအာရ်က လေယာဉ်ပျံနဲ့ အခု ဆိုက်လာပါလိမ့်မယ်" ဟု ပြောသည်တွင် ကျွန်ုပ်သည် ချက်ချင်းထလိုက်၏။ ဤတွင် ရဲဘော်များက ရယ်မောလျက်…

"ဒေါ်အမာရဲ့လေယာဉ်ပျံက ခုချက်ချင်းဆိုက်မှာ မဟုတ်သေးပါဘူး ဆရာကြီး" ဟု ပြောသည်နှင့် ပြန်၍ထိုင်ရသည်။ (ရုရှားရဲဘော်များသည် ကျွန်ုပ်ကို အစ်ကိုကြီးဟုခေါ်သည့် ရဲဘော်မှတစ်ပါး ဆရာကြီးဟု ခေါ်ကြသည်။) မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် မအမာရောက်လာမည်ဟု ကြားလိုက်ရကတည်းက ဂနာငြိမ်စွာမထိုင်နိုင်တော့ဘဲ ဖင်တကြွကြွ ဖြစ်နေသည်နှင့် ရဲဘော်များသည် ကျွန်ုပ်ကို လေယာဉ်ပျံရုံအဝသို့ ခေါ်လာကြလေသည်။

### ဝမ်းသာလိုက်ကြပုံ

နာရီဝက်ခန့်ကြာသောအခါ လေယာဉ်ပျံတစ်စင်းဆိုက်ရောက်လာ၍ ကျွန်ုပ်အား အကြောင်းကြားထားသောရဲဘော်သည် မအမာကို ကျွန်ုပ်တို့ရှိရာသို့ ခေါ်လာသဖြင့် ကျွန်ုပ်တို့ ကြိုဆိုနေကြသည်။ ကျွန်ုပ်သည် မအမာကို ဤတစ်ကြိမ် မြင်ရခြင်းကဲ့သို့ ဝမ်းသာခြင်းမျိုးကို မမှတ်မိပါ။ လုပ်ဖော်ကိုင်ဖက်တစ်ယောက်ဖြစ်ခြင်း၊ နိုင်ငံခြား၌ တိုင်းပြည်သားအချင်းချင်းတွေ့ရခြင်း၊ ထိုနေ့က ခဏလေးမျှသာ တွေ့လိုက်ရပြီး ဘယ်နေရာ၊ ဘယ်ဌာန၌ ဘယ်အချိန်တွင် တွေ့ရမည်ဟု အချိန်းအချက် မမေးနိုင်သည့်အပြင် တွေ့ချင်မှတွေ့ရတော့မည်ဟူသော အထင်မျိုး ရောက်လျက်ရှိနေသည့်အတွင်း ဘွားခနဲတွေ့ရခြင်းဖြစ်သည့်အတွက်ကြောင့် တအံ့တသြကြီး ဝမ်းသာလျက်ရှိပါသည်။ လေယာဉ်ပျံရုံဝတွင် ကျွန်ုပ်က ရှေ့ဆုံးမှ ကြိုနေ၍ မအမာဝင်လာသည့်အခါ ကျွန်ုပ်သည် ဝမ်းသာအားရကြီးနှင့် သူ၏ပခုံးနှစ်ဖက်ကိုကိုင်၍ လှုပ်လိုက်ချင်သည်။ သို့ရာတွင် ကျွန်ုပ်တို့ မြန်မာလူမျိုးသည် ဝမ်းထဲ၌ရှိသောစိတ်ဓာတ်ကို အမူအရာဖြင့်ဖော်ပြသော ထုံးစံမရှိသည်ဖြစ်သောကြောင့် လှမ်းမည်ပြုသောလက်များကို ချုပ်ထားလိုက်ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (Non-Aligned Movement – NAM) ၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၅

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ညှိနှိုင်းရေးဗျူရိုဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ယူဂန်ဒါသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Gen. Odongo Jeje Abu-bakhar ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ အောက်တိုဘာလ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။




ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မျက်နှာစုံညီအစည်းအဝေး၌ နိုင်ငံကိုယ်စားပြုမိန့်ခွန်းပြောကြားကြသည်။

အောက်တိုဘာလ ၁၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံကိုယ်စားပြု မိန့်ခွန်းပြောကြားရာတွင် ယနေ့ကမ္ဘာကြီးသည်အမျိုးမျိုးသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် မညီမျှစွာသက်ရောက်လျက်ရှိကြောင်း၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား ပြိုင်ဆိုင်မှုများတွင် ကုန်သွယ်ရေးစစ်ပွဲများမှအစ တတိယကမ္ဘာစစ်ဖြစ်နိုင်ခြေအထိ စိုးရိမ်ရသည့် စိန်ခေါ်မှုများရှိကြောင်း၊ ထိုကဲ့သို့သော စိန်ခေါ်မှုများကို ရင်ဆိုင်ခုခံရန်နှင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုကာကွယ်ရန် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ စည်းလုံးညီညွတ်မှုသည်အရေးပါကြောင်း၊ ထို့ကြောင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အနေဖြင့်ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး၏ ဘုံအကျိုးစီးပွားကို ကာကွယ်ရန်အတွက် အရေးပါသော အဖွဲ့ကြီးအဖြစ် ဆက်လက်ရပ်တည်သွားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသည် **ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့** စတင်ထူထောင်သည့် အဖွဲ့ဝင်နိုင်ငံအနေဖြင့် **ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့**၏ မူဝါဒနှင့်စည်းမျဉ်းများကို လိုက်နာကျင့်သုံးလျက်ရှိကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် **"ကမ္ဘာလုံးဆိုင်ရာကြွယ်ဝမှုများမျှဝေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရေး"**နှင့်အညီ မြန်မာနိုင်ငံ၏ မယိမ်းမယိုင်သော ကတိကဝတ်များကို ထပ်လောင်းအတည်ပြုကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံများနှင့်ပူးပေါင်း၍ငြိမ်းချမ်းရေး၊ တန်းတူညီမျှမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင်ပြည်ထောင်စုဝန်ကြီးသည်အစည်းအဝေး၌ နိုင်ငံတော်အစိုးရ၏လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ပေါ်ပေါက်လာရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံသည် အွန်လိုင်းလိမ်လည်မှုနှင့်နယ်စပ်ဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးကို အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေသည့်အခြေအနေနှင့် ရခိုင်ပြည်နယ် အရေးကိစ္စနှင့် လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။

ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ အောက်တိုဘာလ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကျင်းပခဲ့ရာ အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်တင့်ရှိန် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကျိုးစီးပွားမြှင့်တင်ရေးအတွက် ၁၉၆၁ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၌ လက်ရှိတွင် အဖွဲ့ဝင် နိုင်ငံပေါင်း ၁၂၁၊ လေ့လာသည့်နိုင်ငံ ၁၈ နိုင်ငံနှင့် လေ့လာသည့်အဖွဲ့ ၁၀ ဖွဲ့ ပါဝင်ကြောင်းနှင့် မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

**မြဝတီ**

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော Electronics ပစ္စည်းများ၊ စက်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

(က) နေ့ရက်/အချိန် - ၂၉-၁၀-၂၀၂၅ ရက်နေ့ နံနက်(၁၀:၀၀)နာရီ

(ခ) နေရာ - ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) ပစ္စည်းအမျိုးအမည် - Electronics ပစ္စည်းများ၊ စက်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများ

(ဃ) လေလံပုံစံရောင်းချခြင်း - လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းပူးတွဲလျက်) တစ်စုံလျှင်ကျပ်(၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ၂၂-၁၀-၂၀၂၅ ရက်နေ့ မှ ၂၃-၁၀-၂၀၂၅ ရက်နေ့အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(င) ပစ္စည်းပြသမည့်အချိန် - လေလံပုံစံဝယ်ယူပြီးသူများအား ၂၄-၁၀-၂၀၂၅ ရက်နေ့ မှ ၂၈-၁၀-၂၀၂၅ ရက်နေ့အထိ ရုံးဖွင့်ရက် နံနက်(၁၀:၀၀) နာရီမှ ညနေ(၁၆:၀၀)နာရီအထိ (၃)ရက်ပြသပါမည်။

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး သို့ လူကိုယ်တိုင် သို့မဟုတ် ဖုန်း(၀၉-၄၂၀၀၀၅၉၂၀)နှင့် (၀၉-၂၅၄၀၇၃၃၀၂)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**




## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၇၇/မမ/CME | ကျောက်များအား အောက်ပါ(ဘူတာ/ကျောက်စုပုံကွင်း)အရောက်ဝယ်ယူရန် (1"x1$^{1/2}$")အရွယ်(စက်ခွဲ)လမ်းခင်းကျောက်(တပ်ကုန်း=၂၈၀ ကျင်း) (6"x9")ကျောက်ကြီး(ပုသိမ်=၅၈၈ ကျင်း) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၉-၁၀-၂၀၂၅)နေ့လယ် (၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၅-၁၀-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

### ဖခင်အမည်မှန်
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က (ကျည်တောင်ကန်)တွင် ပညာသင်ကြားနေသော မစုပြည့်မွန်၏ဖခင်အမည်မှန်မှာ ဦးမောင်အေး ၇/တငန(နိုင်)၁၂၄၂၃၃ ဖြစ်ပါကြောင်း။ ဦးမောင်အေး

### ပျောက်ဆုံးကြောင်း
စိုင်းတင်းဆေး(ဘ)ဦးစိုင်းသန်းအောင် ၁၃/မရန(နိုင်)၀၄၂၃၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 419214)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၅၀၉၅၈၇၈၉

### ပျောက်ဆုံးကြောင်း
နမ့်ခမ်းမြို့၊ အမှတ်(၂)ရပ်ကွက်နေ စီးမေ(ဘ)ဦးရန်ဖီး ၁၃/နခန(နိုင်)၀၀၀၁၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၆၀၃၀၇၇၅

### ပညာဘဏ်တိုက်စာကြည့်တိုက်

### ပျောက်ဆုံးကြောင်း
တောင်သာမြို့နယ်၊ ဘုရားလှရွာနေ စိုးမင်းပိုင်(ဘ)ဦးတင်ဝင်း ၉/တသန(နိုင်)၁၈၇၅၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 422468) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
တောင်သာမြို့နယ်၊ ဘုရားလှရွာနေ သန္တာထွန်း(ဘ)ဦးအေးကို ၉/တသန(နိုင်)၂၅၇၀၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ မဟာမြိုင်နေ မောင်ကျလော(ဘ)ဦးကျလား ၁၃/တတန(နိုင်)၀၀၆၆၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၇၅၈၄၇၈

### အမည်ပြောင်း
လယ်ဝေးမြို့၊ အမှတ်(၇)အင်ပု အလယ်တန်းကျောင်းတွင် ပညာသင်ကြားနေသော အဘဦးရန်နိုင်စိုး ၉/လဝန(နိုင်)၂၆၆၉၈၈ ၏သား မောင်တေဇဖြိုးအား ယနေ့မှစ၍ မောင်နေယံဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်နေယံ

### ပျောက်ဆုံးကြောင်း
ဦးချစ်သဲ(ဘ)ဦးကြည်သောင်း ၇/ရတန(နိုင်)၁၁၈၂၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မကြည်အေး(ဘ)ဦးချစ်ခိုင် ၁၃/တယန(နိုင်)၁၂၇၅၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဇော်မိုးလွင်(ဘ)ဦးအုန်းလွင် ၆/သရခ(နိုင်)၀၄၆၁၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အင်ကြင်းကေခိုင်(ဘ)ဦးဝင်းကြည် ၁၂/ရကန(နိုင်)၀၉၅၄၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 502036)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သင်းသင်းယု(ဘ)ဦးဇော်လင်း ၁၂/ဒလန(နိုင်)၀၄၇၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း
ဇင်မင်းသော်(ဘ)ဦးစစ်နိုင် ၁၂/သလန(နိုင်)၁၅၁၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၉၉၇၆၉၆

### ပျောက်ဆုံးကြောင်း
ကျော်စိုးမိုး(ဘ)ဦးတင်ဖေ ၁၂/ရကန(နိုင်)၀၁၆၂၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 841509)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၉၇၇၅၉၇

### ပျောက်ဆုံးကြောင်း
ဖြူသင်းအေး(ဘ)ဦးညွန့်တင် ၁၂/တကန(နိုင်)၂၇၂၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 835438)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း
ဒေါ်သဲသဲ(ဘ)ဦးကျော်လွင် ၇/အတန(နိုင်)၁၃၃၈၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း
ကျွန်တော်ဇော်သက်ထွန်း(ဘ)ဦးအောင်ကျော်မြ ၁၁/ရသတ(နိုင်)၁၂၉၉၅ ပိုင်ဆိုင်သော ယာဉ်အမှတ်-8D/7066 ၏အုံနာစာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၅၄၆၅၆၂၄

### ပျောက်ဆုံးကြောင်း
ထောင်းနိုက်ထန်း(ဘ)ဦးသွညာ ၅/ကလထ(နိုင်)၂၉၅၆၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
ဝင်းပပသွယ်(ဘ)အောင်သန်းစိုး ၇/လပတ(နိုင်)၂၀၄၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၁၃၁၃၈၆၆

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပနေ အဘ ဦးညွန့်ရွှေ၏သမီး မဒါနမ်း(ခ)မဒါနန်း ၁၂/ဥကမ(နိုင်)၁၇၉၀၇၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ မဒါနမ်း(ခ)မဒါနန်း

### ပျောက်ဆုံးကြောင်း
ခင်အေးမူ(ဘ)ဦးသိန်းမြင့် ၁၄/ပသန(နိုင်)၀၁၈၇၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၂၃၁၀၀၁၀

### ပျောက်ဆုံးကြောင်း
သီဟထွန်း(ဘ)ဦးထွန်းမင်း ၈/ပခက(နိုင်)၃၄၅၃၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 316824)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ကျင်းရှင်းဝုန်(ဘ)ဦးပေါင်လမ့်ထန် ၄/တတန(နိုင်)၀၆၄၄၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၃၇၀၅၀၆၉

### ပျောက်ဆုံးကြောင်း
အောင်ထွန်းလင်း(ဘ)ဦးဇော်ထွန်း ၁၂/ထတပ(နိုင်)၀၇၄၅၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၇၈၅၈၅၆၀

### ပျောက်ဆုံးကြောင်း
သီတာ(ဘ)ဦးသိန်းဦး ၁၂/သဃက(နိုင်)၀၇၁၁၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၂၆၀၀၃၆၁

### ပျောက်ဆုံးကြောင်း
ဇော်နောင်(ဘ)ဦးသိန်းနိုင်ဝင်း ၁၂/ဒဂရ(နိုင်)၀၀၃၈၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၂၄၄၈၈၃၃

### ပျောက်ဆုံးကြောင်း
ဖြိုးလင်းဝေ(ဘ)ဦးတင်လင်းအောင် ၉/ပဘန(နိုင်)၂၆၄၀၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၅၀၅၁၆၃၉

### ပျောက်ဆုံးကြောင်း
နှင်းဝေဦး(ဘ)ဦးသန်းဦး ၇/လပတ(နိုင်)၁၃၉၂၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၆၈၈၈၉၆၉

### ပျောက်ဆုံးကြောင်း
အေးအေးမူ(ဘ)ဦးအောင်မင်း ၁၂/ပဇတ(နိုင်)၀၀၈၁၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၁၅၃၉၂

### ပျောက်ဆုံးကြောင်း
ခိုင်မင်းထက်(ဘ)ဦးခင်မောင်ဦး ၇/နတလ(နိုင်)၁၇၄၄၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၂၅၃၉၀၄၄

### ပျောက်ဆုံးကြောင်း
ချိုချိုခိုင်(ဘ)ဦးစိန်နှင်း ၁၂/ခရန(နိုင်)၁၁၅၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၉၄၁၇၈၅၈

### ပျောက်ဆုံးကြောင်း
ရိုတာခေါန်(ဘ)ဦးလဖွမ်နော် ၁/ရကန(နိုင်)၀၁၈၆၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၀၂၈၇၇၁

### ပျောက်ဆုံးကြောင်း
ဦးကျော်ငြိမ်း(ဘ)ဦးရွှေသန်း ၁၁/ရသတ(နိုင်)၀၈၇၅၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၁၀၇၂၁၂

### မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း
မော်တော်ဆိုင်ကယ်အမှတ်၊ ၁၃ယ/၅၆၅၅၂ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၁၀/ကထန(နိုင်)၀၂၈၉၂၈ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **က.ည.န၊ ခရိုင်ရုံး(သထုံ)**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း
မော်တော်ယာဉ်အမှတ်၊ 4C /7729 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နိုင်အေး ၁၀/သထန(နိုင်)၀၈၀၁၁၃ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **က.ည.န၊ ခရိုင်ရုံး(သထုံ)**

### ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့၊ ရွာဟောင်းရွာနေ သိန်းဇော်ဦး(ဘ)ဦးဇော် ၇/သနပ(နိုင်)၁၂၄၉၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၇၀၇၆၇၃၉

### ပျောက်ဆုံးကြောင်း
ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)၊ ဝိဝေကာရာမမွန်ကျောင်းလမ်းနေ မိအိအိသန်း(ဘ)ဦးပန်းစိန် ၃/ဘအန (နိုင်)၂၆၁၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၂၂၀၃၀၀၁

